# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်စျေးကွက်သတင်းလွှာ

August 6, 2024 | Volume 81, Number 4


**၆.၈.၂၀၂၄**

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၂၄၀၁ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၄.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၄.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၄.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၅၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၂၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇူလိုင်လအတွင်း ငါးခေါင်းပွငါး ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇူလိုင်လအတွင်း ငါးခေါင်းပွငါး ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။ ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇွန်လအတွင်းက ငါးခေါင်းပွငါးပိဿာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်နေ့မှ ၃၁ ရက်အတွင်းက ငါးခေါင်းပွငါးပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းများသည် ငါးခေါင်းပွငါးများအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ဘက်က ငါးခေါင်းပွငါးတွေကို ရန်ကုန်စျေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လပထမပတ်ကနေ ငါးခေါင်းပွငါးတွေ တင်ပို့မှုများပြားလာပါတယ်။ ပြည်တွင်းမှာကို ငါးခေါင်းပွငါးက ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းမွန်လာပါတယ်။ ဒါကြောင့် ငါးလုပ်ငန်းရဲ့နယ်ပယ်အသီးသီးက လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှထွက်ရှိသည့် ငါးခေါင်းပွငါးများကို ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့

ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးများနေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်လာကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

https://myantrade.gov.mm/

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရေဘဝဲပိသ်သာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရေဘဝဲပိသ်သာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြတ်ကပြောသည်။ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက ရေဘဝဲပိသ်သာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ ရေဘဝဲပိသ်သာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရေဘဝဲတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ပင်လယ်စာရေဘဝဲ ပိသ်သာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလည်း ရန်ကုန်ဈေးကွက်က ရေထွက်ကုန်တွေကို ဝယ်ယူမှုများပြားနေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့အရွယ်အစားအလေးချိန်အပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ ရေဘဝဲတွေကို လတ်တလော ပင်လယ်စာအရောင်းဆိုင်တွေက ဝယ်ယူမှုများပြားနေတာကြောင့် အခုလို တင်ပို့မှုများပြားလာတာပါ။ တင်ပို့မှုများလာတော့ ရေလုပ်ငန်းရှင်တွေနဲ့ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြတ်ကပြောသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲအသေးလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၅,၅၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၀,၅၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သည့်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်လာကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြတ်ထံမှ သိရသည်။

**Source:** ရတနာပုံသတင်းစာ

https://myantrade.gov.mm/

## မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့်မြေထောက်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့်မြေထောက်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူးဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ပဲ၊ ပြောင်း၊ နှမ်းစသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့်မြေထောက်ပဲမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းနှင့်မြေထောက်ပဲများကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း၊ ထို့ပြင် မန္တလေးဈေးကွက်အတွင်း မတ်ပဲနှင့်ဂျုံများလည်း ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

"နှမ်းအုပ်စုနဲ့ မြေထောက်ပဲက အရင်တစ်ပတ်လောက်က မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်အေးနေခဲ့တယ်။ လက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းနက် (စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၅၀,၀၀၀ ၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၆၅,၀၀၀ ၊ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၀၅,၀၀၀ ၊ မြေထောက်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၂၀,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ (V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀,၀၀၀ ၊ ကုလားပဲ (V7) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၀,၀၀၀၊ ကုလားပဲ (929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၈,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှ သိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ညောင်တုန်းမြို့နယ်မှ ကွမ်းသီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ကွမ်းသီးခြောက်များ ဝယ်ယူမှုအားကောင်းနေပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍သိရသည်။ ညောင်တုန်းမြို့နယ်မှ ကွမ်းသီးခြောက်များကို ဇူလိုင်လဒုတိယပတ်မှ ဩဂုတ်လ ၄ ရက်နေ့ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ကွမ်းသီးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၉၈,၀၀၀ ထိ ဈေးပေါက် နေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ဘက်ကထွက်တဲ့ ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေပါတယ်။ ဒီဘက်ကနေထွက်တဲ့ ဒေသထွက်ကွမ်းသီးတွေကို ရန်ကုန်ဈေးကွက်မှာပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ လက်ရှိ ကွမ်းသီးခြောက်တွေက နည်းပါးလာပါပြီ။ ကွမ်းသီးခြောက်က အခုအချိန်မှာ အရောင်းအဝယ်အားကောင်းနေပါတယ်။ ကွမ်းသီး အရောင်းအဝယ်ကောင်းလာတော့ လုပ်သားတွေနဲ့ အဓိကစိုက်ပျိုးရေးလုပ်ငန်းရှင်တွေ အဆင်ပြေလာပါတယ်။ ညောင်တုန်း မြို့နယ်ဘက်ကထွက်တဲ့ ကွမ်းသီးတွေက အရည်အသွေးကောင်းမွန်ပါတယ်" ဟု ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောသည်။

ညောင်တုန်းမြို့နယ်တွင် ကွမ်းသီးစိမ်းများကို ဒေသကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များကဝယ်ယူပြီး စနစ်တကျ သန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ကမ္ဘာ့အစိမ်းရောင်ကုန်စည်ပြပွဲ (Green Global Trade Fair 2024) ကျင်းပပြုလုပ်မည်

သီရိလင်္ကာနိုင်ငံ၊ Chamber of Tourism and Industry Sri Lanka နှင့် Ras Al Khaimah Chamber of Commerce and Industry တို့ ပူးပေါင်း၍ အာရပ်စော်ဘွားများပြည်ထောင်စု Ras Al Khaimah မြို့တွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် နေ့မှ ၁၃ ရက်နေ့အထိ ကမ္ဘာ့အစိမ်းရောင်ကုန်စည်ပြပွဲ (Green Global Trade Fair 2024) ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲတွင် ကုန်သွယ်မှု၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သိပ္ပံနှင့်နည်းပညာ၊ ဘဏ္ဍာလုပ်ငန်းဆိုင်ရာနည်းပညာ (FinTech)၊ Blockchain နည်းပညာနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍများကို ပြသသွားမည် ဖြစ်ပြီး လုပ်ငန်းပေါင်း ၂၃၀ ကျော် ပါဝင်ပြသမည်ဖြစ်ရာ ပြပွဲသို့တစ်ရက်လျှင် လူဦးရေ ၁၀,၀၀၀ ကျော် လာရောက်ကြည့်ရှုရန် မျှော်မှန်းထားပါကြောင်းနှင့်ကုန်စည်ပြပွဲသို့ တက်ရောက်ခြင်းဖြင့် နိုင်ငံတကာအတွေ့အကြုံ၊ နိုင်ငံတကာအဆက်အသွယ်များ ရရှိပြီး တက်ရောက်လာသည့်ခေါင်းဆောင်များနှင့်တီထွင်သူများ တွေ့ဆုံဆွေးနွေး၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်မည့်အပြင် ဈေးကွက်အမြင်နှင့် စီးပွားရေးချဲ့ထွင်နိုင်မည့်အခွင့်အရေးများ ရရှိနိုင်မည်ဖြစ်သည်။

ကမ္ဘာ့အစိမ်းရောင်ကုန်စည်ပြပွဲ (Green Global Trade Fair 2024) နှင့်ပတ်သက်၍ အချက်အလက်များသိရှိလို ပါက info@chambertourism.lk သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းနှင့် ပါဝင်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ

အနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း- ၀၆၇-၄၀၈၆၂၂၊ E-mail: event.td.myantrade @gmail.com သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းရရှိသည်

**Source: Myantrade.gov.mm**

## တရုတ်နိုင်ငံသည် ၂၀၃၀ ခုနှစ်တွင် နိုင်ငံခြားကုန်သွယ်မှု ၄၀ ရာခိုင်နှုန်းကို FTAs အားဖြင့် ပံ့ပိုးကူညီရန် မျှော်မှန်းထား

တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များ (FTAs) သည် ၂၀၃၀ ခုနှစ်တွင် နိုင်ငံခြားကုန်သွယ်မှုစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကို ပံ့ပိုးပေးနိုင်ရန်အတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ၎င်း၏ ကမ္ဘာလုံးဆိုင်ရာစံနှုန်းမြင့်သော FTAs ကွန်ရက်ကိုပိုမိုချဲ့ထွင်၍ နိုင်ငံများနှင့်ဒေသများသို့ ပိုမိုကျယ်ပြန့်စွာလွှမ်းခြုံနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် ယခုအချိန်အထိ နိုင်ငံနှင့်ဒေသပေါင်း ၂၉ နိုင်ငံတို့နှင့် လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက် (FTAs) ၂၂ ခု ကို လက်မှတ်ရေးထိုးထားခဲ့ပြီး နိုင်ငံခြားကုန်သွယ်မှုစုစုပေါင်း၏ သုံးပုံတစ်ပုံကို လွှမ်းခြုံထားနိုင်ခဲ့သည်။ ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသဘောတူစာချုပ် (Comprehensive and Progressive Agreement for Trans-Pacific Partnership -CPTPP) တွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်၊ တရုတ်-အာဆီယံ FTA Version 3.0 ကို အစောဆုံး အဆုံးသတ်နိုင်ရန်နှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံတို့အကြား FTA ကို ပိုမိုမြှင့်တင်နိုင်ရန်အတွက်လည်း ကတိပြုထားသည်။ တရုတ်နိုင်ငံသည် FTA အသစ်များထူထောင်ရာတွင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းစာရင်းကိုထပ်တိုး၍ ဆက်သွယ်ရေး (Telecom)၊ ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုနှင့်ခရီးသွားလုပ်ငန်း စသည့်ကဏ္ဍများကို တိုးချဲ့ခွင့်ပြုခဲ့သည်။ ယခုအခါ သဘောတူညီချက်များတွင် ဒစ်ဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ ဉာဏပစ္စည်းမူပိုင်ခွင့်၊ အပြန်အလှန်အသိအမှတ်ပြုစံနှုန်းများစသည်တို့နှင့် သက်ဆိုင်သည့်မူဝါဒများကို ထည့်သွင်းစဉ်းစားလာကြသည်။

နိုင်ငံတကာ၏ စံနှုန်းမြင့်မားသော စီးပွားရေးနှင့် ကုန်သွယ်မှုစည်းမျဉ်းများနှင့်အညီ တရုတ်နိုင်ငံအနေဖြင့် ပိုင်ဆိုင်မှုအခွင့်အရေးများကာကွယ်ရေး (property rights protection) ၊ စက်မှုဆိုင်ရာ ထောက်ပံ့မှုများ (industrial subsidies) ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး (environmental protection) ၊ အလုပ်သမား ကာကွယ်ရေး (labor protection) ၊ အစိုးရဝယ်ယူရေး (Government Procurement) ၊ E-commerce စသည့် ကဏ္ဍများအပြင် ဘဏ္ဍာရေးကဏ္ဍ (Financial Sector)နှင့် အခြားကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တွေ့ရသည်။

**အရင်းမြစ်။** http://en.people.cn/n3/2024/0802/c90000-20201539.html

**လျှန်ရှန်းမုန်၊ စီးပွားရေးသံမှူး**

**တရုတ်နိုင်ငံ၊ ကူမင်းမြို့။**

## အိန္ဒိယနိုင်ငံဈေးကွက်များသို့ ပဲတီစိမ်းသစ်များ စတင်ဝင်ရောက်

အိန္ဒိယနိုင်ငံ Karnataka ပြည်နယ်မြောက်ပိုင်း Gadag နှင့် Bagalkot ဈေးကွက်များသို့ ပဲတီစိမ်းသစ်များ စတင်ဝင်ရောက်လာပြီဖြစ်ကြောင်းနှင့် အဆိုပါဒေသရှိတောင်သူများက ၂၀၂၄ ခုနှစ် ခါရစ်(မိုးသီးနှံ)များကို စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။

စွတ်စိုသောရာသီဥတုအခြေအနေကြောင့် အဆိုပါသီးနှံသစ်များ၌ ရေငွေ့ပါဝင်မှု ၂၀ ရာခိုင်နှုန်းအထက်ရှိကြောင်း သိရသည်။ ယင်းအခြေအနေက သီးနှံဈေးနှုန်းအပေါ် ရိုက်ခတ်မှုရှိပြီး၊ ၁ ကွင်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၆၀၀၀ မှ ရူပီး ၈၀၀၀ အကြားရှိကြောင်း သိရသည်။

ဗဟိုအစိုးရက ၂၀၂၄-၂၅ ခုနှစ်၊ ခါရစ်သီးနှံဝယ်ယူရေးရာသီအတွက် ပဲတီစိမ်းသီးနှံ၏ အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းကို ၁ ကွင်တယ်လျှင် ရူပီး ၈၆၈၂ သတ်မှတ်ပေးမည်ဟု ထုတ်ပြန်ကြေညာထားပြီး၊ အဆိုပါဈေးနှုန်းသည် ယခင်နှစ်က ထက် ၁ ဒသမ ၄ ရာခိုင်နှုန်းတိုးမြင့်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ယခုနှစ် ပဲတီစိမ်းထွက်ရှိမှုအခြေအနေကောင်းမွန်ကြောင်း၊ မိုးပုံမှန်ရွာသွန်းမည်ဆိုပါက ယခုထက်အထွက်နှုန်းပိုမိုကောင်းမွန်နိုင်ကြောင်း Gadag ရှိ ပဲကြိတ်ခွဲစက်ပိုင်ရှင်တစ်ဦးက ပြောကြားခဲ့သည်။ အဆိုပါဒေသရှိ တောင်သူလယ်သမားအနေဖြင့် သီးနှံများပိုမိုကောင်းမွန်မှုရှိရန် မိုးတိမ်ကင်းစင်ပြီး၊ လုံလောက်သောနေရောင်ရရှိရန် မျှော်လင့်နေကြကြောင်း သိရသည်။

ခြောက်သွေ့သော ပဲတီစိမ်း၏ဝယ်လိုအားမှာ ကောင်းမွန်ပြီး Kalaburgi ကဲ့သို့ဈေးကွက်များ၌ ဇူလိုင်လ ၂၅ ရက်နေ့က ဖြစ်ပေါ်လျက်ရှိသော ပျမ်းမျှဈေးနှုန်းသည် ၁ ကွင်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၈၂၀၀ ရှိကာ Bagalkot ဈေးကွက်တွင် ၁ ကွင်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၈၃၉၆ ရှိကြောင်း ကုန်သွယ်ရေးအရင်းအမြစ်များက ဖော်ပြသည်။

Karnataka ပြည်နယ်တွင် ပဲတီစိမ်းကို ဟက်တာ ၄ သိန်းခန့်စိုက်ပျိုးထားကြောင်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ အချက်အလက်များအရသိရသည်။ လွန်ခဲ့သောနှစ်က ဟက်တာ ၁ ဒသမ ၂၂ သိန်းသာ စိုက်ပျိုးခဲ့ရာ ၂၂၈ ရာခိုင်နှုန်းကျော် တိုးမြင့်လာခဲ့ကြောင်းနှင့် အဆိုပါနှစ်က ပြည်နယ်မြောက်ပိုင်းရှိ အဓိကသီးနှံစိုက်ပျိုးရာဒေသအများအပြားတွင် ရာသီဥတု ပူပြင်းခြောက်သွေ့မှုကြောင့် သီးနှံစိုက်ပျိုးထွက်ရှိမှုကို ထိခိုက်စေခဲ့ကြောင်းသိရသည်။

ခါရစ်(မိုးသီးနှံ)ပဲတီစိမ်းအား အများဆုံးစိုက်ပျိုးထုတ်လုပ်သော ပြည်နယ်ဖြစ်သော Rajasthan ပြည်နယ်တွင် ပဲတီစိမ်း စိုက်ဧရိယာ ဟက်တာ ၂၅ ဒသမ ၁၁ သိန်းရှိကြောင်း ပြည်နယ်စိုက်ပျိုးရေးဌာန၏ ဇူလိုင်လ ၂၉ ရက်နေ့ အချက်အလက်များအရ သိရပြီး၊ ယခင်နှစ်ကထက် ဟက်တာ ၂၁ ဒသမ ၆၂ သိန်းတိုးတက်လာခဲ့ကြောင်း သိရ သည်။

Madhya Pradesh ပြည်နယ်ရှိ ဈေးကွက်အသီးသီးတွင် ဖြစ်ပေါ်လျက်ရှိသော နွေပဲတီစိမ်းဈေးနှုန်းမှာ ၁ ကွင်တယ်လျှင် ရူပီး ၇၀၀၀ မှ ၈၂၀၀ ရှိပြီး၊ Gujarat ပြည်နယ်တွင် ရူပီး ၇၅၀၀ မှ ၈၅၂၅ နှင့် Uttar Pradesh ပြည်နယ်တွင် ရူပီး ၇၂၀၀ မှ ၇၇၀၀ အသီးသီးဖြစ်ပေါ်လျက်ရှိကြောင်း အိန္ဒိယပဲမျိုးစုံနှင့် သီးနှံအသင်း(India Pulses and Grains Association)က ဖော်ပြသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံရှိ ဈေးကွက်များအတွင်းသို့ ပဲတီစိမ်းသစ်များဝင်ရောက်လာမှုအခြေအနေနှင့် အဓိက ပဲတီစိမ်းစိုက်ပျိုးထွက်ရှိရာ Karnataka၊ Rajasthan စသည့်ပြည်နယ်အသီးသီး၌ ယခင်နှစ်ကထက် ပဲတီစိမ်းစိုက်ဧကများ တိုးမြင့်လာလျက်ရှိပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်းပဲမျိုးစုံဖူလုံရေးနှင့် ပြည်ပသို့မှီခိုမှုကိုလျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**သတင်းရင်းမြစ်။ The Hindu Businessline, Karnataka: New moong crop have started arriving in markets, August 02, 2024.**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်ကတ္တားမြို့)**

## STOCK EXCHANGE (6.8.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,346 (Shares) | 40,195,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,800 | 1,717 | 15,176,300 | 33,109,694 | 294,676 |
| MTSH | 00002 | 3,550 | -50 | -1.39% | 3,550 | 3,550 | 3,550 | 4,433 | 15,737,150 | 38,929,150 | 138,199 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 124 | 223,200 | 29,664,613 | 53,396 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 1,117 | 1,954,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 325 | 1,495,000 | 10,497,598 | 48,289 |
| MAEX | 00008 | 3,400 | -50 | -1.45% | 3,500 | 3,500 | 3,400 | 1,630 | 5,609,100 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 6th Aug. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.32 | -1.66 | -0.40% | 410.58 | 410.58 | 408.19 | 9,346 | 40,195,500 | 8 | 772,049 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 6th Aug. 2024

| Trading Volume | Trading Value |
|---|---|
| 9,346 (Shares) | 40,195,500 (MMK) |

## Main Board

As of 1:00 pm, 6th Aug. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,346 (Shares) | 40,195,500 (MMK) |

| MYANPIX | 409.32 ▼ 1.66 |
|---|---|
| Total Volume (shares) | 9,346 |
| Total Value (MMK) | 40 mil |
| Listed Company | 8 |
| Market Cap. (MMK) | 772,049 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,550 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,400 | ▼ 50 |